ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)(၃၃၅၁/၂၀၁၈)
ရက်စွဲ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ ၆ ရက်

အကြောင်းအရာ။ **ရွှေစင်မိုးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၁၈.၅) ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစားထုတ်လုပ်ခြင်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို အတည်ပြု ပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။
(၁) အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၁၅-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၁၁၃၇/ရွှေဖက်စပ်(ရွှေစင်မိုး-IEE/EMP)/၁၇-၁၈
(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၃၀-၈-၂၀၁၈ ရက်စွဲပါစာ အမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၁၀၉/၂၀၁၈)

ရွှေစင်မိုးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာအုပ်စုအတွင်းရှိ ရွှေလုပ်ကွက် (SHML-၇၁၀) မြေပုံညွှန်း (၈၃ပီ/၅) ထောင့်တိုင်အမှတ်ဖြစ်သော (၈၉၆၇၁၁၊ ၈၉၂၇၁၀၊ ၈၉၂၇၁၃၊၈၉၀၇၁၃၊ ၈၉၂၇၁၄) မြေဧရိယာ (၁၈.၅) ဧကကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက် ရွှေသတ္တုအသေးစားထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို စိစစ်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသားပြုစုထားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အဆိုပါအစီရင်ခံစာကို အတည်ပြုပါကြောင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို အလေးထားလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) အစီရင်ခံစာ စာမျက်နှာ (၁၉) တွင်ဖော်ပြထားသော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည့်အပြင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၁၉၉၄)၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈)၊ လူမှုဖူလုံရေးဥပဒေ (၂၀၁၂)၊ မြေအောက်ရေအက်ဥပဒေ (၁၉၃၀)၊ The Emergency Provision Act (1950)၊ The Explosives Substances Act (1908)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (၂၀၁၇)၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) တို့ကိုပါ လိုက်နာဆောင်ရွက်ရန်၊

(ခ) လုပ်ငန်းခွင်မှ ထွက်ရှိသော စွန့်ပစ်မြေစာ/ကျောက်များစွန့်ပစ်ရာတွင် မြေအောက်ရေနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ထိခိုက်ခံစားရမည့် ဒေသခံပြည်သူနှင့် ဝန်ထမ်းများ၏ ရေရှည်လူမှုစီပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အလေးပေး ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းဆောင်ရွက်သည့် လုပ်သားများအား ကျန်းမာရေးထိခိုက်မှုမရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ (၃) လတစ်ကြိမ် ဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(င) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလများအတွင်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(စ) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်လိုက်လျောညီ သည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအတွက် အစီရင်ခံစာစာမျက်နှာ(၁၀၅) ပါအတိုင်း ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ရေအရည်အသွေး၊ မြေအရည်အသွေးတို့ ညစ်ညမ်းမှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဇ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အခန်း(၂.၇.၂) သတ္တုတွင်း လုပ်ငန်းခွင်များအတွက် စွန့်ထုတ်အရည်ဆိုင်ရာ ကန့်သတ်တန်ဖိုးများကို လိုက်နာဆောင်ရွက်ရန်၊

(ဈ) အောက်ပါတို့ကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအား မကိုက်ညီမှုများကို ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံစာတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးဖြင့် တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ၊

(ည) အပေါ်ယံမြေလွှာ၊ စွန့်ပစ်မြေစာ၊ မြေစာပုံများ စသည့်စွန့်ပစ်ပစ္စည်းစုပုံမည့် နေရာရွေးချယ်ခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းစဉ်ဖြစ်သည့် စွန့်ပစ်မြေစာများ ရေရှည်တည်ငြိမ်စေရေး၊ ပြိုကျမှုမရှိစေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးတို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဋ) မြေတိုက်စားနိုင်မှု၊ ပြဿနာဖြစ်နိုင်သောနေရာများကို စနစ်တကျကာကွယ် ထိန်းချုပ်ရန်နှင့် ညစ်ညမ်းမှုရှိသည့် ဧရိယာများကို ပြန်လည်ထူထောင်ရန်၊ အပေါ်ယံမြေလွှာကို သင့်တော်စွာဖယ်ထုတ်ခြင်း၊ သိုလှောင်ခြင်းနှင့် အစားထိုးခြင်း ဆောင်ရွက်ရန်၊

(ဌ) ထွက်ရှိစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဍ) ပစ္စည်းနှင့် လုပ်သားများကို သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ထုတ်ကုန်များ၊ ပစ္စည်းများ သို့မဟုတ် စွန့်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ စနစ်တကျ သတ်မှတ်ဆောင်ရွက်ရန်၊

(ဎ) ထိခိုက်ခံစားရသည့် ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဏ) လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ၊ နေထိုင်မှုစံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေ စသည်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊

(တ) ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုသယံဇာတများအား ထိခိုက်မှုမရှိစေရေး ကာကွယ်ပေးရန်နှင့် စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှု သယံဇာတများအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားအပ်နှံရန်၊

(ထ) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဒ) ထိခိုက်မှုခံစားရသည့် ဒေသခံများ၏ ပညာရေး၊ အခြေခံအဆောက်အဦး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းတို့ ဆောင်ရွက်ရန်၊

(ဓ) သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အရေးပေါ်အခြေအနေ တုန့်ပြန်ရေးနှင့် စီမံခန့်ခွဲရေး စီမံချက်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(န) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရမည့်အပြင် ထိုအစီရင်ခံစာများကို အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀)ရက်အတွင်း ထုတ်ပြန်ရန်၊

(ပ) စောင့်ကြပ်ကြည့်မည့် စွန့်ပစ်ရေ (parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သတ်မှတ်ချက်အတိုင်း တင်ပြရန်၊

(ဖ) လူသုံးစွန့်ပစ္စည်းများအား Concrete Waste Tank၊ Conventional Septic Tank များဖြင့်လည်းကောင်း၊ WHO ၏ သတ်မှတ်ထားသောစနစ်များဖြင့်လည်းကောင်း တည်ဆောက်တပ်ဆင် အသုံးပြုသွားရန်၊

(ဗ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအား ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၆)လ အလိုတွင် ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက် အဆင့်များအတွက် စီမံချက်တစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်ရန်၊

(ဘ) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ဝင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ရုံးအမှတ်-၁၉)

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်